

# အာဆီယံပါလီမန်အမတ်များနှင့်အတူ ထိုင်း-မြန်မာ နယ်စပ်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်

ထိုင်း-မြန်မာနယ်စပ်ရှိ ပဋိပက္ခများအားတုံ့ပြန်ရန်အတွက် ASEAN Parliamentarians for Human Rights အဖွဲ့ ၏ နောက်ဆုံးအစီရင်ခံစာ

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

PEOPLE's EMPOWERMENT FOUNDATION
มูลนิธิศักยภาพชุมชน

# အကြောင်းအရာများ


| | |
|---|---|
| APHR အဖွဲ့၏အကြောင်း | i |
| PEF အဖွဲ့၏အကြောင်း | i |
| အစီရင်ခံစာအကြောင်း | ii |
| မိတ်ဆက် | ii |
| တွေ့ရှိချက်များ | 1 |
| နိဂုံး | 7 |
| အကြံပြုချက်များ | 8 |
| လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အဖွဲ့ဝင်များ | 11 |

APHR

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

**ASEAN Parliamentarians for Human Rights** (APHR) ၏အကြောင်း : APHR သည် အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့အားမြှင့်တင်ရန်အတွက် ၎င်းတို့၏ ထူးခြားသည့် ရာထူးများကို အသုံးပြုနေသည့် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် ယခင်ကိုယ်စားလှယ်ဟောင်းများ၏ ဒေသတွင်း ကွန်ရက်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့ကို ရှေးတန်းတင်ကာ လူသားတိုင်း ပုံစံမျိုးစုံသော အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုတို့မှ ကင်းလွတ်၍ အကြောက်တရားကင်းရှင်းစွာ နေထိုင်နိုင်မည့် ဒေသတစ်ခုအား ဖန်တီးနိုင်ရန် ကျွန်ုပ်တို့ ကူညီဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ အဖွဲ့ဝင်များသည် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ၊ ဒေသတွင်းနှင့် နိုင်ငံတကာရပ်ဝန်းများတွင် လူ့အခွင့်အရေးအတွက် လှုံ့ဆော်ရန် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချကာ ကြိုးပမ်းဆောင်ရွက်ကြပါသည်။ အဖွဲ့ဝင်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ပြီး အချက်အလက်ရှာဖွေရေး မစ်ရှင်များလုပ်ဆောင်ကာ အရေးကြီးသော ဒေသတွင်းဆိုင်ရာကိစ္စရပ်များအတွက် ထင်မြင်ချက်များနှင့် အကြံပြုချက်များကို ထုတ်ပြန်ကြပါသည်။

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေး ပြဿနာများသည် အပြန်အလှန်ချိတ်ဆက်နေသည်ကို အသိအမှတ်ပြုမှုနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရာတွင် နယ်စပ်ဖြတ်ကျော်ကာ အတူလက်တွဲဆောင်ရွက်လိုသည့် တိုးတက်သောဥပဒေပြုအမတ်များ၏ ဆန္ဒမှ APHR အဖွဲ့ ပေါက်ဖွားဖြစ်တည်လာခဲ့ပါသည်။

PEOPLE's EMPOWERMENT FOUNDATION

มูลนิธิศักยภาพชุมชน

**People's Empowerment Foundation** (PEF) ၏အကြောင်း : PEF သည် ထိုင်းနိုင်ငံရှိ အားနွဲ့သူလူအုပ်စုများနှင့် အခြေခံလူထုတို့၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကာ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုတို့အား ကာကွယ်မြှင့်တင်ပေးသည့် နိုင်ငံတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ PEF သည် ထိုင်းနိုင်ငံတွင်းရှိ အကြီးမားဆုံး အခြေခံလူမှုအဖွဲ့အစည်းများကွန်ယက်တစ်ခုကို တည်ထောင်ထားပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အား နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များတွင် တိုးမြှင့်လှုံ့ဆော်လျက်ရှိပါသည်။ PEF ၏ကွန်ရက်အောက်တွင် အခြေခံလူမှုအဖွဲ့အစည်း ၆၀ ကျော်ကို စုစည်းကာ တရားမျှတမှုနှင့် ဒီမိုကရေစီအတွက် တောင်းဆိုမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်နှစ်များတစ်လျှောက်တွင် PEF သည် မရေမတွက်နိုင်သော ပရောဂျက်အစပျိုးမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များအတွက် မြန်မာနယ်စပ်နှင့် ထိုင်းနိုင်ငံတို့တွင် လုပ်ဆောင်ခဲ့ပါသည်။

First published in 2024 by ASEAN Parliamentarian for Human Rights (APHR) © APHR2024.
All rights reserved, this publication is copyright but may be reproduced by any method without fee for advocacy, campaigning, teaching purposes but not for resale.
Cover page: FFM Thai-Myanmar Border
APHR-PEF

# အစီရင်ခံစာအကြောင်း

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း ကရင်နီနှင့် ကရင်ပြည်နယ်တို့မှ တိုင်းရင်းသားလူမျိုးစုတို့အပေါ် သက်ရောက်လျက်ရှိသော လူ့အခွင့်အရေးအခြေအနေများကို လေ့လာရန် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နယ်စပ်မြို့များဖြစ်သည့် - မယ်ဟောင်ဆောင်နှင့် မယ်စရီယန်- သို့ ပါလီမန် အမတ်များဦးဆောင်သည့်အဖွဲ့နှင့် APHR နှင့် PEF တို့သည် အချက်အလက်ရှာဖွေရေး မစ်ရှင်တစ်ခုအား ဆောင်ရွက်ခဲ့ကြပါသည်။ ဤမစ်ရှင်သည် ပြည်တွင်းရှိ နေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများ၊ နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းဒုက္ခသည်များနှင့် ထိတွေ့ဆက်ဆံပြီး ၎င်းတို့တွေ့ကြုံခံစားနေရသော စိန်ခေါ်မှု အခက်အခဲ များကိုနားလည်နိုင်ရန်၊ မူဝါဒများ၊ အကာအကွယ်ပေးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် ၎င်းတို့၏ တောင်းဆိုချက်များအား ကြားသိနိုင်စေရန် ရည်ရွယ်ပါသည်။

၄ ရက်တာ အချက်အလက်ရှာဖွေရေးမစ်ရှင်တွင် ထိုင်း၊မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ပါလီမန်အမတ်များသည် ဒေသခံအဖွဲ့အစည်းများ၊ ရွှေ့ပြောင်းဒုက္ခသည်များနှင့် ကနဦး ဖြေကြားတုံ့ပြန်သူများ ၏ အခြေအနေများနှင့်အခက်အခဲများကို ကြားသိနိုင်ရန် ၎င်းတို့နှင့် စကားပြောဆိုခဲ့ကြသည့်အပြင် မည်သည့် ဖြေရှင်းချက်များသည် ချက်ချင်းလှုံ့ဆော်ရန်လိုအပ်နေသည် ကို သိရှိနိုင်ရန် အတွက်လည်း ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စကားသံကိုနားထောင်ကာ ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

# မိတ်ဆက်

မြန်မာနိုင်ငံတွင် ကျရှုံးအာဏာသိမ်းမှုဖြစ်စဉ် ဖြစ်ခဲ့သည်မှာ ၃ နှစ် ကျော်ကာလရှိခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ ကျယ်ပြန့်စနစ်ကျသော ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ရှိသည့် စစ်ရာဇဝတ်ကောင်များ၏ လမ်းညွှန်မှုကြောင့် လူ့အခွင့်အရေး အခြေအနေသည် လက်နက်မဲ့ အရပ်သားလူထုအပေါ် အလွန်စိုးရိမ်ပူပန်ဖွယ် အကြမ်းဖက်မှုအဆင့်သို့ လျင်မြန်စွာ နက်နက်ရှိုင်းရှိုင်း ကျဆင်းသွားခဲ့သည်။

ပြည်သူလူထုအပေါ်ရိုက်ခတ်သည့် စစ်ပွဲ၏သက်ရောက်မှုကို လျှော့တွေး၍မရနိုင်ပါ။ လက်ရှိဖြစ်ပေါ်နေသော လက်နက်ကြီးပစ်ခတ်မှုများနှင့် လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူထောင်ပေါင်းများစွာသည် ၎င်းတို့၏အိုးအိမ်များမှ စွန့်ခွာထွက်ပြေးကြရသည်။ ကုလသမဂ္ဂ၏အဆိုအရ မြန်မာနိုင်ငံတွင် အိုးအိမ်စွန့်ခွာရွှေ့ပြောင်းကြရသူပေါင်း နှစ်သန်းကျော်ရှိနေသည်။ သို့သော် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် တက်ကြွစွာလှုပ်ရှားနေပြီး လူသားချင်းစာနာထောက်ထားမှု ကယ်ဆယ်ရေးနှင့် အကူအညီများကို ပံ့မှန်ပံ့ပိုးပေးနေသည့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ၏မှတ်တမ်းများအရ ဤအရေအတွက်သည် သိသိသာသာ ပိုများနိုင်ဖွယ်ရှိသည်။ အချို့က နိုင်ငံ၏အခြားဒေသများရှိ မြို့ပြများသို့ ရွှေ့ပြောင်းကြချိန်တွင် အချို့ကမူ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနယ်စပ်တစ်လျှောက်တွင် ကာကွယ်မှုနှင့် ခိုလှုံရာကိုရှာကြရသည်။ ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် ရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိချိန်တွင် ၁၉၈၀ ခုနှစ်များကတည်းက ရွှေ့ပြောင်းခိုလှုံလာခဲ့သူဦးရေ အနည်းဆုံး ၉၀၀၀ ရှိသည့် ရွှေ့ပြောင်းဒုက္ခသည်စခန်း ၉ ခုကို လက်ခံထားရှိပေးထားသည်။ အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များမှ အချို့သည် နှစ်ပေါင်းများစွာ သောင်မတင်ရေမကျ အခြေအနေတွင်ရှိနေခဲ့ပြီး ထိုင်းနိုင်ငံအတွင်း အလုပ်အကိုင်ရှာဖွေခြင်းကို တားမြစ်ခံထားရ၍ နံရံစည်းရိုးတို့၏ အနောက်တွင်သာ တင်းကျပ်စွာ ပိတ်လှောင်ကန့်သတ်ခံထားရပါသည်။ Karen Peace Support Network ၏ အဆိုအရ လက်ရှိတွင် စားနက်ရိက္ခာရရှိမှုတန်ဖိုးသည် တစ်လလျှင် ခန့်မှန်းခြေ အမေရိကန် ၁၀ ဒေါ်လာ သို့မဟုတ် ထိုင်း ၃၀၀ ဘတ်မျှသာ ရှိပါသည်။

နေရပ်စွန့်ခွာပြည်သူတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများသည် အဆမတန်ကြီးမားလွန်းလှသည်။ လူဦးရေထောင်ချီသည် ၎င်းတို့၏ရပ်ရွာ၊ မိသားစုနှင့် ၎င်းတို့အပေါ်သက်ရောက်ခဲ့သော အကြမ်းဖက်မှုများကြောင့် စိတ်ဒဏ်ရာကို နက်ရှိုင်းစွာ ခံစားကြရသည်။ ပြည်တွင်းရှိ နေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများသည် စစ်တပ်၏ အကြမ်းဖက်မှုများအကြား ဖမ်းဆီးခံရခြင်းမှ ရှောင်ရှားနိုင်ရန် လုံခြုံသည့် ခိုလှုံရာနေရာကို လအတော်အတန်အကြာတွင် တစ်ကြိမ် စဉ်ဆက်မပြတ်ရှာဖွေကြရပါသည်။ ၎င်းတို့၏ ရွာများသို့ ပြန်ရန် ကြိုးပမ်းသူများသည် မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သေဆုံးခြင်း အပါအဝင် နောက်ထပ် ဖိနှိပ်မှုများ ကြုံရနိုင်သည်။ အိမ်ဟူ၍ခေါ်စရာနေရာမရှိခြင်း၊ သေချာသောပညာရေး၊ အသက်မွေးဝမ်းကျောင်းပြုခြင်းနှင့် တာဝန်ခံမှုတာဝန်ယူမှု လမ်းကြောင်းများ ကင်းမဲ့ခြင်းတို့ကြောင့် လက်ရှိအခြေအနေအား ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီးနှင့် လေးနက်စွာ အရေးတကြီး လိုအပ်နေပါသည်။



လူသားချင်းစာနာမှုအကူအညီဆိုင်ရာ APHR-PEF အချက်အလက်ရှာဖွေရေးမစ်ရှင်၊ နိုဝင်ဘာလ 2023။
© APHR-PEF2023

# အဓိကလေ့လာတွေ့ရှိချက်များ

**1** ဆက်လက်ဖြစ်ပွားလျက်ရှိသည့် စစ်အာဏာရှင်များ၏အကြမ်းဖက်မှုများ၊ ဖျက်ဆီးပိတ်ပင်မှုများ

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများကို လက်လှမ်းမီမှု နည်းပါးခြင်း။ **2**

**3** ပြင်းထန်စွာကန့်သတ်ထားသော ပညာရေးအခွင့်အလမ်းများ

နယ်စပ်ဖြတ်ကျော်လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးလိုအပ်မှု **4**

# 1 ဆက်လက်ဖြစ်ပွားလျက်ရှိပြီး စစ်အာဏာရှင်များ၏ အကြမ်းဖက်မှုများ၊ ဖျက်ဆီးပိတ်ပင်မှုများ၊

မစ်ရှင်အတွင်းပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ သယ်ယူပို့ဆောင်သည့် လမ်းကြောင်းများကို စစ်အာဏာရှင်တို့က ဆက်လက်ပိတ်ဆို့ထားကြောင်းကို ဒေသခံအဖွဲ့အစည်းများက မျှဝေရှင်းပြကြသည်။ စစ်ဘေးသင့်ပြည်သူတို့သည် စားနပ်ရိက္ခာနှင့် တိုက်ရိုက်အထောက်အပံ့များအတွက် ဒေသခံအဖွဲ့အစည်းများအပေါ် မှီခိုနေကြရသည်။ ၎င်းတို့၏ အိမ်များ၊ ကျောင်းများ၊ လယ်ယာစိုက်ပျိုးမြေများ၊ ဆေးရုံဆေးခန်းများနှင့် အခြားအရာများစွာသည် အဆက်မပြတ်ဗုံးကြဲတိုက်ခိုက်ခံရခြင်းကြောင့် ပြည်သူများအတွက် အသက်ရှင်ရပ်တည်ရန် ခက်ခဲလွန်းလှသည်။ အချို့က တောတောင်များထဲသို့ သွားရောက်ရှောင်တိမ်းခဲ့ကြပြီး အချို့ကမူ ထိုင်းမြန်မာနယ်စပ်သို့ ထွက်ပြေးရှောင်တိမ်းကြသည်။

စစ်ရဟတ်ယာဉ်များပျံဝဲနေသံများကို ပုံမှန်ကြားနေရခြင်းကြောင့် ပြည်တွင်းရှိ နေရပ်စွန့်ခွာ စစ်ရှောင်မိသားစုများ အကြား စိတ်ဒဏ်ရာသောကများဖြစ်ပေါ်စေရာ ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ကရင်နီနယ်စပ်ရှိ စစ်ရှောင်စခန်းများမှ အခြေအနေတို့မှာ စိုးရိမ်ဖွယ်ကောင်းလှသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လုံခြုံလွတ်လပ်စွာ စီးဆင်းမှုမှာလဲ တားဆီးပိတ်ပင်ခြင်းခံထားရသည်။ မြန်မာနိုင်ငံ၏မည်သည့်နေရာတွင်မဆို ဗုံးကြဲတိုက်ခိုက်ခံရနိုင်ခြေ မြင့်တက်နေပြီး နေရာဒေသတိုင်းသည် လုံခြုံမှုကင်းမဲ့နေသည်။



လူသားချင်းစာနာမှုအကူအညီဆိုင်ရာ APHR-PEF အချက်အလက်ရှာဖွေရေးမစ်ရှင်၊ နိုဝင်ဘာလ 2023။
© APHR-PEF2023

ပြည်တွင်းရှိ နေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများသည် အများအားဖြင့် အမြဲတစေ အဓမ္မပြောင်းရွှေ့စေခြင်းကို ခံနေကြရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြသည်။ စစ်အာဏာရှင်တို့၏ အဆက်မပြတ်တိုက်ခိုက်မှုများကြောင့် စစ်ရှောင်တို့၏လုံခြုံရေးမှာ သစ်တောများ အပါအဝင် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြား သက်ကယ်ပစ္စည်းများ အများအပြား မရရှိနိုင်သော ခိုလှုံရာနေရာများတွင် အားနည်းလျက်ရှိနေပါသည်။ စစ်ရှောင်အများစုတွင် သင့်တင့်ကောင်းမွန်သည့်နေရာထိုင်ခင်းမရှိခြင်းကြောင့် မိုးကာများနှင့် ရွက်ဖျင်တဲများစွာ လိုအပ်နေပါသည်။ ရံဖန်ရံခါတွင် စစ်ဘေးရှောင်ပြည်သူတို့မှာ ငှက်ပျောရွက်ပေါ်တွင်သာ အိပ်ကြရသည်ဟု သိရှိရပါသည်။

# ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ရေး ပစ္စည်းများကို လက်လှမ်းမီမှု နည်းပါးခြင်း။ 2

ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကုသမှုဆိုင်ရာ လမ်းကြောင်းများအား လက်လှမ်းမှီမှုအတွက် မယ်ဟောင်ဆောင်နှင့် မယ်စရီယန်တို့မှ နယ်စပ်ဆေးပေးခန်းများသည် International Rescue Committee ကဲ့သို့ အလှူရှင်အဖွဲ့အစည်းများ၏ သတ်မှတ်ချက်စံနှုန်းများအတိုင်း ထိခိုက်ဒဏ်ရာ ၊ ခွဲစိတ်ကုသရန် နှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုတို့အတွက် ကုသမှုခံယူရန် လိုအပ်သော မြန်မာနိုင်ငံမှ လူနာများအတွက် နေထိုင်စရာများ ပံ့ပိုးပေးလျက်ရှိသည်။အဓိကရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံရှိ မယ်ဟောင်ဆောင်နှင့် မယ်စရီယန်ဆေးရုံများတွင် ဆေးကုသနေစဉ်အတွင်း စောင့်ဆိုင်းနေသူများအတွက် နေရာထိုင်ခင်းပံ့ပိုးပေးရန်ဖြစ်ပါသည်။

အဓိကလိုအပ်ချက်များမှာ လူနာများအတွက် လက်ရှိတွင် မလောက်မငှဖြစ်နေသော ဆေးဝါးနှင့် နွေးထွေးသောအဝတ်အထည်များပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အချို့သောဒေသများတွင် ဆေးရုံများ၌ ဆေးဝါးနှင့် ဝန်ထမ်းဦးရေ အကန့်အသတ်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ နာတာရှည်ရောဂါများအတွက် ဆေးဝါးများမှာလည်း လုံလောက်မှုမရှိချေ။ ထို့အပြင် ဒုက္ခသည်များ ဝင်ရောက်လာပြီးနောက် လူနာများနှင့် ရောဂါရှာဖွေရေးဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်မှုအတွက်လဲ အခက်အခဲများစွာ ရှိနေပါသည်။



လူသားချင်းစာနာမှုအကူအညီဆိုင်ရာ APHR-PEF အချက်အလက်ရှာဖွေရေးမစ်ရှင်၊ နိုဝင်ဘာလ 2023။ © APHR-PEF2023

ဒေသခံအဖွဲ့အစည်းများသည် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ လှူဒါန်းပေးထားသော ဆေးဝါးများအား တင်သွင်းနိုင်ခြင်းမရှိပါ။ တည်ထောင်သူ ဒေါက်တာ Cynthia Maung အားရည်ညွှန်း၍ ဒေါက်တာ Cynthia ၏ဆေးခန်းဟုလည်းခေါ်သော Mae Tao ဆေးခန်း သည် ဒေသခံအဖွဲ့အစည်းများစွာကို ဆေးဝါးနှင့် လိုအပ်သည့် ဆေးပစ္စည်းများ အဓိကထောက်ပံ့ပေးပို့နေပြီး ၁၉၈၉ခုနှစ်ကတည်းက ထိုင်းနိုင်ငံ အနောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ရှောင်တိမ်းလာသူများကို အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်မှုများ ပေးအပ်နေသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ICRC နှင့် Doctors Without Borders (MSF) တို့မှ ပြင်းထန်သောကုသမှုများအတွက် ကုန်ကျစရိတ်ကို အဓိကထောက်ပံ့ပါသည်။

Mae Tao ဆေးခန်းကဲ့သို့သော ဝန်ဆောင်မှုပေးအပ်သူများသည် နယ်စပ်တစ်လျှောက်တွင် ဆောင်ရွက်လျက်ရှိသော ဆေးခန်းများအား ငွေကြေးပံ့ပိုးပေးနိုင်ရန် အကောင်းဆုံးကြိုးစားနေကြသော်လည်း ငွေကြေးမှာ အကန့်အသတ်ရှိနေပြီး လိုအပ်ချက်များကမူ များပြားလွန်းလှသည်။ ကိုယ်ဝန်အရင့်အမာရှိနေသည့် ကိုယ်ဝန်သည်အမျိုးသမီးများသည် များပြားလာသောတိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ရပြီးနောက် သက်စွန့်ဆံဖျား မီးဖွားကြရသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးငယ်များအတွက် အဓိကကျန်းမာရေးအန္တရာယ်မှာ ၎င်းတို့၏အသက်ပင်ဖြစ်သည်။ ၎င်းတို့ပုန်းအောင်းနေသည့်နေရာများသို့ စစ်သားများနီးကပ်ရောက်ရှိလာလျှင် ထွက်ပြေးရမည်ဖြစ်သောကြောင့် မီးဖွားနေစဉ်အတွင်း သို့မဟုတ် မီးဖွားပြီးခါစတွင် သေဆုံးသွားနိုင်သည်။ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးရှောင်ပြည်သူများသည် ထိုင်းဆေးရုံများတွင် ကုသမှုခံယူလိုပါက ၎င်းတို့၏ ဆေးဖိုးဝါးခအတွက် ကူညီပံ့ပိုးပေးမည့် စပွန်ဆာတစ်ဦးကို ရှာဖွေရန် လိုအပ်ပါသည်။ ထိုင်းဆေးရုံများသည် ရွှေ့ပြောင်းလာသူများအတွက် မည်သည့်ကုန်ကျစရိတ်ကိုမှ ထောက်ပံ့ကူညီနိုင်ခြင်းမရှိပါ။

# 3 ပြင်းထန်စွာကန့်သတ်ထားသော ပညာရေးအခွင့်အလမ်းများ

ဒုက္ခသည်စခန်းများတွင် ပညာသင်ကြားနေသော ကလေးများအား ထိုင်းနိုင်ငံရှိ အဆင့်မြင့်ပညာရေးလမ်းကြောင်းများသို့ ဝင်ရောက်ခွင့်ကို ကန့်သတ်ထားသည့် ဗျူရိုကရေစီ ကန့်သတ်ချက်များကြောင့် ပညာရေးအခင်းအကျင်းသည် နက်ရှိုင်းစွာ ဘောင်ခတ်ကန့်သတ်ခံထားရသည်။ တရားဝင်အထောက်အထား စာရွက်စာတမ်းများမရှိခြင်းကြောင့် ကလေးများသည် ထိုင်း သို့မဟုတ် မြန်မာတက္ကသိုလ်များသို့ လျှောက်ထားခွင့်မရှိကြချေ။ မြန်မာစစ်တပ်သည် တိုင်းရင်းသားများအား ၎င်းတို့၏ မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုအခြေအနေများအတိုင်း ပညာသင်ခွင့်ရရန် ကြိုးပမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့သောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် တိုင်းရင်းသားပညာရေး လမ်းကြောင်းများကို အသိအမှတ်ပြုပေးရန် တောင်းဆိုမှုများခံထားရသည်။

စစ်အာဏာရှင်တို့၏ ဖုံးကြဲတိုက်ခိုက်မှုများကို ခံရသည့်အထဲတွင် စာသင်ကျောင်းများပါဝင်နေခြင်းသည် မျိုးဆက်တစ်ဆက်၏ ပညာရေးအခွင့်အလမ်းများကို ဆုံးရှုံးစေပြီး မိသားစုများအား ၎င်းတို့၏ ကလေးများကို ကျောင်းသို့ ပို့သင့်မပို့သင့် ဆုံးဖြတ်ချက်ချရန် အခမ့်တွန်းအားပေးနေသကဲ့သို့ဖြစ်နေသည်။ ထိုင်းနိုင်ငံဘက်ခြမ်းတွင် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များသည် အလုပ်လုပ်ခွင့် သို့မဟုတ် ကုန်သွယ်ခွင့် မရှိပဲ အလှူရှင်များအပေါ်သာ လုံးဝဥဿုံမှီခိုနေရသည်။ ပေါင်းစပ်ဝင်ဆန့်စေရန် ဆောင်ရွက်ပေးသည့်အစီအစဉ်များလဲ မရှိပေ။ ထို့ကြောင့် အလုပ်လုပ်ကိုင်လိုသော ဒုက္ခသည်များသည် အလုပ်အကိုင်ရှာဖွေရန် စခန်းမှထွက်ခွာသည့်အချိန်တွင် ၎င်းတို့အတွက် ကာကွယ်မှုသည် အန္တရာယ်ကျရောက်ပြီဖြစ်သည်။

စစ်ရှောင်စခန်းများတွင် ကျောင်းသား/ကျောင်းသူ ၁၀ ဦးအတွက် ဆရာ/ဆရာမတစ်ဦးမှ တာဝန်ယူရသည်။ စေတနာ့ဝန်ထမ်းဆရာ/ဆရာမများ အရေအတွက်သည် စစ်ရှောင်စခန်းတစ်ခုချင်းစီအပေါ် မူတည်သည်။ ဆရာ/ဆရာမအများစုသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ထားကြသူများဖြစ်သည်။ ကလေးများသည် သင်ကြားရေးပစ္စည်းများကို ပိုမိုလိုအပ်လျက်ရှိသည်။ ဥပမာ- ကလေး ၁၀ ဦးမှာ မှတ်စုစာအုပ်တစ်အုပ်ကိုသာ ဝေမျှအသုံးပြုနေရသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းသား/ကျောင်းသူ များသည် ဒုက္ခသည်စခန်းများတွင် စာသင်ကြားကြရပြီး အဓိကအားဖြင့် ပုံသေမရှိပဲ ရွှေ့ပြောင်းနေကြရသည်။ ကျောင်းသား/ကျောင်းသူများအား စာသင်ကျောင်းများတွင် စာသင်ကြားပေးရန်အတွက်လဲ ၎င်းတို့ကို သင်ကြားပေးနေစဉ် အစားအသောက်ကျွေးမွေးပေးနိုင်ရန် လိုအပ်သေးသည်။

ရာသီဥတုဖောက်ပြန်မှုသည် သီးနှံစိုက်ပျိုးရာသီများအား သိသိသာသာပြောင်းလဲသွားစေသောကြောင့် ကျောင်းသားများ၏ ကျောင်းပါဝင်မှုကို ထိခိုက်စေပြီး စိုက်ပျိုးချိန် သို့မဟုတ် ရိတ်သိမ်းချိန်အတွင်း အကူအညီပေးရန် လယ်သမားမိသားစုများက ၎င်းတို့၏ကလေးများကို ခေါ်ယူခိုင်းစေပါသည်။ တိုင်းရင်းသားများ စီမံခန့်ခွဲသော ကျောင်းစနစ်များမှ တရားဝင် သို့မဟုတ် သင့်လျော်သော စာရွက်စာတမ်းများကို ထိုင်းနိုင်ငံ သို့မဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်ခံခြင်းမရှိသောကြောင့် တက္ကသိုလ်ပညာရေးကို ရရှိရန် ခက်ခဲနေသည်။

ကရင်နီပြည်တွင်း နေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများ အတွက် ခိုလှုံရန် တည်ထောင်ထားသည့် Dawnoeku စခန်းတွင် နေထိုင်သည့် အမျိုးသမီးတစ်ဦးကမူ စစ်အာဏာရှင်များ၏ တိုက်ခိုက်မှုကို ကြောက်ရွံ့မှုကြောင့် သူမ၏ကလေးကို ကျောင်းသို့ ပို့သင့် မပို့သင့်ကို သူမနေ့စဉ် အခြေအတင် စဉ်းစားငြင်းခုံနေရသည်ဟု မယ်စရီယန် ကိုယ်စားလှယ်အဖွဲ့အား ပြောပြသည်။ တစ်ခါက သူမကလေးကို လွှတ်လိုက်သော စာသင်ကျောင်းမှာ ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရသည်။ ထိုအချိန်မှစ၍ သူမသည် ကလေးကိုကျောင်းသို့ပို့ရန် ငြင်းဆန်လာခဲ့သည်။ ရွှေ့ပြောင်းဒုက္ခသည်လူ့အဖွဲ့အစည်းများသည် ဤခက်ခဲသော ဆုံးဖြတ်ချက်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရသည်။

# နယ်စပ်ဖြတ်ကျော်လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပိုမိုလိုအပ်မှု 4

နိုင်ငံတကာအသိုက်အဝန်း အထူးသဖြင့် ကုလသမဂ္ဂနှင့် ၎င်း၏အေဂျင်စီများသည် မြန်မာနိုင်ငံအတွင်း နားလည်မှုစာချွန်လွှာကို ရေးထိုးကြခြင်းဖြင့် စစ်အာဏာရှင်များထံ အထောက်အထားများ တင်ပြခဲ့ကြပြီး ဖြစ်သည်။ မစ်ရှင်အတွင်း ဆွေးနွေးမှုတစ်လျှောက်တွင် ဒေသခံခေါင်းဆောင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ယင်းလုပ်ရပ်များအား ၎င်းတို့ကိုဖိနှိပ်နေသူများထံ သစ္စာခံခြင်းလက္ခဏာတစ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ကုလသမဂ္ဂအပါအဝင် အလှူရှင်များသည် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား ပံ့ပိုးပေးလိုစိတ် မရှိကြောင်းကို ယခုထက်တိုင် ပြသနေပြီး ဤသည်မှာ လုံခြုံစိတ်ချရသော အကူအညီများ ပေးအပ်ရာတွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိသော ဒေသခံအဖွဲ့အစည်းများအတွက် အလွန်စိတ်ပျက်စရာဖြစ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များထံ ၎င်းတို့တောင်းဆိုလိုသည့် ဖြေရှင်းချက်မှာ နယ်စပ်ဖြတ်ကျော်အကူအညီပင် ဖြစ်ကြောင်း သက်ဆိုင်သူအားလုံးက ပြောဆိုကြသည်။ ပြည်တွင်းရှိနေရပ်စွန့်ခွာစစ်ရှောင်ပြည်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရေးအတွက် စိန်ခေါ်မှုများကို အမြဲရင်ဆိုင်နေရသည်။ စစ်ပွဲများကြောင့် အိုးအိမ်မဲ့ဖြစ်ရသည့် စစ်ရှောင်ပြည်သူဦးရေမှာ ကရင်နီပြည်နယ်တွင် တဖြည်းဖြည်း များပြားလာနေသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများအပေါ်သာ မှီခိုနေရသော ပြည်တွင်းရှိနေရပ်စွန့်ခွာ စစ်ဘေးရှောင်ပြည်သူပေါင်း ၂၀၀၀၀၀ ကျော်ရှိကြောင်းကို အစီရင်ခံဖော်ပြထားသည်။ မကြာသေးမီက စစ်ဆင်ရေးများနှင့်အတူ ပြည်တွင်းရှိစစ်ဘေးရှောင်ပြည်သူဦးရေသည် ၃၀၀၀၀၀ အထိ တိုးပွားလာသည်။ စားနပ်ရိက္ခာနှင့် အမိုးအကာတို့ လိုအပ်မှု တိုးမြင့်လာသော်လည်း ရန်ပုံငွေ မလုံလောက်မှုကြောင့် လူတိုင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်မှာ မဖြစ်နိုင်ပေ။



လူသားချင်းစာနာမှုအကူအညီဆိုင်ရာ APHR-PEF အချက်အလက်ရှာဖွေရေးမစ်ရှင်၊ နိုဝင်ဘာလ 2023။ © APHR-PEF2023

# နိဂုံး

လတ်တလောတွင် စစ်ရေးရှုံးနိမ့်မှုများကြုံတွေ့နေရသော်လည်း မြန်မာစစ်အာဏာရှင်များသည် မြန်မာပြည်သူလူထု၏ ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် ကြီးမားသောခြိမ်းခြောက်မှုအဖြစ် ဆက်လက်ရှိနေသေးပြီး အဆက်မပြတ်သော လေကြောင်းတိုက်ခိုက်မှုများနှင့် ထိုးစစ်ဆင်မှုတို့ကြောင့် ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးရှောင်ပြည်သူများနှင့် နယ်စပ်ဖြတ်ကျော်ဒုက္ခသည်ဦးရေမှာ တိုးမြင့်လာခဲ့သည်။

ကလေးငယ်များသည် မိသားစုများဆုံးရှုံးရခြင်းနှင့် စိတ်ဒဏ်ရာများခံစားရခြင်းတို့ကြောင့် ၎င်းတို့၏ကလေးဘဝကို ဆုံးရှုံးကြရသည်။ နိုင်ငံတစ်ဝှမ်းတွင် ထောင်နှင့်ချီသောလူများ၏ အဓိကအလေးထားစရာမှာ အသက်ရှင်သန်ခွင့်သာဖြစ်နေပြီး ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းတို့အတွက် အရင်းအမြစ်သည် ၎င်းတို့ထံသို့ မရောက်ရှိနိုင်ပေ။

များပြားလှသော အကြမ်းဖက်မှုနှင့် မသေချာမရေရာမှုများအား ရင်ဆိုင်ကြရချိန်တွင် အမျိုးသမီးများဦးဆောင်သော အရပ်ဘက်အဖွဲ့အစည်းအများအပြားသည် အင်အားနှင့် ကြံ့ခံနိုင်စွမ်းတို့ကို ပြသရန် စံပြအလုပ်များကို ဆောင်ရွက်ခဲ့ကြသည်။ စစ်အာဏာရှင်တို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် လမ်းကြောင်းများကို ပိတ်ဆို့ထားချိန်တွင် အမျိုးသမီးအဖွဲ့အစည်းများက အသက်ကယ်အကူအညီများနှင့် စာနာထောက်ထားမှုအကူအညီများအား ပို့ဆောင်ပေးရန် အန္တရာယ်များအားရင်ဆိုင်၍ စွန့်စားဆောင်ရွက်နေကြသည်။

ထိုင်းအစိုးရနှင့် ကျယ်ပြန့်သောနိုင်ငံတကာအသိုင်းအဝိုင်းသည် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးခြင်းဖြင့် ဤမယုံကြည်နိုင်လောက်သည့် ရဲစွမ်းသတ္တိနှင့် ကြံ့ခံနိုင်စွမ်းတို့အား ပံ့ပိုးပေးရမည်ဖြစ်သည်။ အာဆီယံနှင့် နိုင်ငံတကာ အသိုက်အဝန်းသည် ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများနှင့် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ တိုးပွားလာမှု၏ မူလဇစ်မြစ်အကြောင်းရင်းဖြစ်သည့် စစ်အာဏာရှင်တို့ ဆက်လက်တည်ရှိနေခြင်းကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ခြင်း၊ ဖက်ဒရယ်စနစ်အတွက် အောက်ခြေမှအထက်သို့ချဉ်းကပ်မှုလမ်းစဉ်များအား ပံ့ပိုးပေးခြင်းနှင့် ဒေသန္တရ အုပ်ချုပ်ရေးစနစ်များ ထူထောင်ခြင်းတို့အပြင် စစ်အာဏာရှင်အား နိုင်ငံရေးအရနှင့် စစ်ရေးအရ အထီးကျန်နေစေရန် ဆောင်ရွက်ခြင်း အပါအဝင် မြန်မာ့ဒီမိုကရေစီရေး အင်အားစုများကို ထောက်ခံအားပေးခြင်းဖြင့်သာ ဤအရာကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။



လူသားချင်းစာနာမှုအကူအညီဆိုင်ရာ APHR-PEF အချက်အလက်ရှာဖွေရေးမစ်ရှင်၊ နိုဝင်ဘာလ 2023။ © APHR-PEF2023

# အကြံပြုချက်များ

## ထိုင်းအစိုးရသို့

- နိုင်ငံတကာဥပဒေတွင် ပြဋ္ဌာန်းထားသော အတင်းအကျပ်နေရပ်ပြန်မပို့ရေး ဓလေ့ထုံးတမ်းဥပဒေအပြင် ထိုင်းနိုင်ငံ၏ ညှဉ်းပန်းနှိပ်စက်မှု နှင့် လက်စဖျောက်ဖမ်းဆီးခြင်းအား တားဆီးနှိမ်နင်းရေး အက်ဥပဒေတို့ကို လိုက်နာရန်၊
- ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်လာပြီး ယာယီစခန်းများတွင်နေထိုင်လျက်ရှိသည့် ရွှေ့ပြောင်းဒုက္ခသည်အနည်းစုထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများအား လက်လှမ်းမှီ ရောက်ရှိခွင့်ပေးပြီး လူနာများကို ထိုင်းဆေးရုံများသို့ လွှဲပြောင်းပေးခွင့်ပြုရန်၊
- ဒေသတွင်း သို့မဟုတ် ရပ်ရွာအခြေပြုအဖွဲ့အစည်းများအား မှတ်ပုံတင်နိုင်စေရန် ထိုင်းနိုင်ငံ၏ အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများ (NPO)ဆိုင်ရာ ဥပဒေကို ပြန်လည်သုံးသပ်ရန်၊
- ထိုင်းနိုင်ငံအတွင်း ရောက်ရှိလာသော နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များအား စိစစ်ရွေးချယ်ခြင်းနှင့် လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်များကို မြှင့်တင်ရန်၊
- လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ဗျူဟာမြောက်မိတ်ဖက်များဖြစ်လာစေရန် စစ်တပ်နှင့် နယ်စပ်ရဲတပ်ဖွဲ့များအကြား နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများနှင့် ကျင့်ထုံးများကို အသိပညာပေးမြှင့်တင်ရန်၊
- မြန်မာစစ်တပ်၏ တိုက်ခိုက်မှုဖြစ်ပေါ်လာပါက အရပ်သားများအား ယာယီ ဘေးကင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းနိုင်ခွင့်ပြုရန် မြန်မာနယ်စပ်အနီး ဘေးကင်းဇုန်များ ဖန်တီးရေးအတွက် အဓိက သက်ဆိုင်သူများနှင့် ဆွေးနွေးရန်၊
- နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များနှင့် ပြည်တွင်းရှိနေရပ်စွန့်ခွာ စစ်ဘေးရှောင်ပြည်သူများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် အများသုံးအထောက်အပံ့ပစ္စည်းများကို ပိုမိုလွယ်ကူစွာလက်လှမ်းမှီနိုင်စေရန်အတွက် ကုန်သွယ်မှုနှင့်တင်သွင်းမှု၊ အခွန်ကောက်ခံမှု၊ ကျောင်းလက်မှတ်နှင့် အထောက်အထားကတ်တို့အတွက် ဒေသန္တရအစိုးရ၏ စာရွက်စာတမ်းများကဲ့သို့ မြန်မာတိုင်းရင်းသားပြည်နယ်များမှ ထုတ်ပေးသော တရားဝင်စာရွက်စာတမ်းများကို အသိအမှတ်ပြုပေးရန်။
- မြန်မာစစ်တပ်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို ဆိုင်းငံ့ထားခြင်းနှင့် ထိပ်သီးအစည်းအဝေးများအားလုံးတွင် မြန်မာစစ်အာဏာရှင်ကိုယ်စားလှယ်များအား မပါဝင်စေခြင်းတို့ဖြင့် မြန်မာစစ်အာဏာရှင်များအား သံတမန်နည်းအရ အထီးကျန်စေရန်။

# အကြံပြုချက်များ

## မြန်မာနယ်စပ်အနီးရှိ ထိုင်းပြည်နယ်အစိုးရများသို့

- ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်ကြသော နယ်စပ်ဖြတ်ကျော် ဒုက္ခသည်အများစုသည် ၎င်းတို့၏ အတွေ့အကြုံများကြောင့် နက်နက်ရှိုင်းရှိုင်း စိတ်ဒဏ်ရာရခဲ့ကြသဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးရန်၊
- ညီအစ်မကျေးရွာများ တည်ဆောက်ခြင်းအားဖြင့် ထိုင်းနှင့် မြန်မာနယ်စပ်ရှိ ကျေးရွာများအကြား လူမှုအသိုင်းအဝိုင်း ဆက်ဆံရေးကို လွယ်ကူချောမွေ့စေရန်၊
- ထိုင်းနိုင်ငံတွင် ဆေးကုသမှုခံယူနေသည့် မြန်မာဒုက္ခသည်များအတွက် ကျန်းမာရေးသတင်းအချက်အလက်စနစ် ထူထောင်ရေးအတွက် ပံ့ပိုးကူညီရန်၊
- ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များအား ဒုက္ခသည်စခန်းများတွင် ဆက်လက်ဆောင်ရွက် လည်ပတ်ခြင်းအား သေချာစေရန်နှင့်
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆောင်ရွက်ပေးမည့် ဒေသခံအစုအဖွဲ့ပေါင်းစုံ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထူထောင်ရန်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သို့

- မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက်  ခွဲဝေချထားပေးသည့် ရန်ပုံငွေနှင့် အရင်းအမြစ်များကို သိသိသာသာ တိုးမြှင့်ပေးရန်၊
- မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် တတ်နိုင်သမျှ လက်တွဲလုပ်ဆောင်ရန်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်တလျှောက်ရှိ စစ်အာဏာရှင်များမှ ထိန်းချုပ်ထားခြင်းမရှိသောဒေသများတွင် အကူအညီများကို ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ (CSOs) နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) များမှတစ်ဆင့် ပေးပို့သင့်ပါသည်။
- အကူအညီများ ပိုမိုဖြန့်ဝေခွင့်ပြုရန်အတွက် မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် လူသားချင်းစာနာထောက်ထားမှုစင်္ကြံများ ထူထောင်ရန် နယ်စပ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ဖြင့် ထိတွေ့ဆက်ဆံရန်၊
- မြန်မာနိုင်ငံတွင် နယ်စပ်ဆေးရုံတစ်ရုံ တည်ဆောက်ရန်နှင့် ထိုင်းနိုင်ငံသို့ လွှဲပြောင်းလူနာအရေအတွက် လျှော့ချနိုင်ရန်အတွက် ဆေးရုံရှိ ကျန်းမာရေး အရာရှိများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးရန်။
- မြန်မာစစ်တပ်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို ဆိုင်းငံ့ထားခြင်းနှင့် ထိပ်သီးအစည်းအဝေးများ အားလုံးတွင် မြန်မာစစ်အာဏာရှင်ကိုယ်စားလှယ်များအား မပါဝင်စေခြင်းဖြင့် မြန်မာစစ်အာဏာရှင်များအား သံတမန်နည်းအရ အထီးကျန်စေရန်။

# အကြံပြုချက်များ

## ကုလသမဂ္ဂ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အလှူရှင်နိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအသိုက်အဝန်းသို့

- မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် တတ်နိုင်သမျှ လက်တွဲလုပ်ဆောင်ရန်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်တလျှောက်ရှိ စစ်အာဏာရှင်များမှ ထိန်းချုပ်ထားခြင်းမရှိသော ဒေသများတွင် အကူအညီများကို ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ (CSOs) နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs) များမှတစ်ဆင့် ပေးပို့သင့်ပါသည်။
- ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအတွက် သင်ကြားရေးနှင့် ထောက်ပံ့ရေး ပစ္စည်းများ ပံ့ပိုးပေးရန်၊
- အမျိုးသမီးများအား ဒေသနည်းနာအတိုင်း ဦးဆောင်နိုင်စေမည့် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းအစီအစဉ်များ၊ အမျိုးသမီးအဖွဲ့အစည်းများအား ပံ့ပိုးကူညီခြင်းနှင့် ရန်ပုံငွေထောက်ပံ့ ခြင်း၊
- မှတ်ပုံတင်သွင်းထားခြင်းမရှိသောအဖွဲ့အစည်းများအတွက် လိုက်လျောညီထွေသည့် သတ်မှတ် ချက်များဖြင့် ပူးပေါင်းအစုအဖွဲ့တစ်ခု သို့မဟုတ် အထူးထောက်ပံ့ကြေးများ ဖန်တီးပေးအပ်ခြင်း ဖြင့် တိုင်းရင်းသား၊ ဒေသဆိုင်ရာ သို့မဟုတ် ရပ်ရွာအခြေပြုအဖွဲ့အစည်းများအတွက် အထူး ရန်ပုံငွေအစီအစဉ်တစ်ရပ် ဖန်တီးပေးရန်။
- နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များနှင့် ပြည်တွင်းရှိနေရပ်စွန့်ခွာ စစ်ဘေးရှောင်ပြည်သူများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် အများသုံးအထောက်အပံ့ပစ္စည်းများ ကို ပိုမိုလွယ်ကူစွာလက်လှမ်းမှီနိုင်စေရန်အတွက် ကုန်သွယ်မှုနှင့်တင်သွင်းမှု၊ အခွန်ကောက်ခံမှု၊ ကျောင်းလက်မှတ်နှင့် အထောက်အထားကတ်တို့အတွက် ဒေသန္တရအစိုးရ၏ စာရွက်စာတမ်းများ ကဲ့သို့ မြန်မာတိုင်းရင်းသားပြည်နယ်များမှ ထုတ်ပေးသော တရားဝင်စာရွက်စာတမ်းများကို အသိအမှတ်ပြုပေးရန်။
- မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများဖြစ်ပေါ်လာပါက အရပ်သားများအား ယာယီ ဘေးကင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းနိုင်ခွင့်ပြုရန် မြန်မာနယ်စပ်အနီး ဘေးကင်းဇုန်များ ဖန်တီးရေးအတွက် အဓိက သက်ဆိုင်သူများနှင့် ဆွေးနွေးရန်၊
- အကူအညီများ ပိုမိုဖြန့်ဝေခွင့်ပြုရန်အတွက် မြန်မာနိုင်ငံ နယ်စပ်တလျှောက် လူသားချင်းစာနာ ထောက်ထားမှုစင်္ကြံများ ထူထောင်ရန် နယ်စပ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂ လားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ဖြင့် ထိတွေ့ဆက်ဆံရာတွင် အာဆီယံအား ပံ့ပိုးကူညီ ရန်၊
- မြန်မာစစ်တပ်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို ဆိုင်းငံ့ထားခြင်းနှင့် ထိပ်သီး အစည်းအဝေးများ အားလုံးတွင် မြန်မာစစ်အာဏာရှင်ကိုယ်စားလှယ်များအား မပါဝင်စေခြင်းဖြင့် မြန်မာစစ်အာဏာရှင်များအား သံတမန်နည်းအရ အထီးကျန်စေရန်။
- မြန်မာစစ်အာဏာရှင်များအား နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုအားလုံးကို ဖြတ် တောက်ထားပြီး စစ်တပ်မှပိုင်ဆိုင်ထိန်းချုပ်ထားသည့် ကုမ္ပဏီများအပေါ် ပိတ်ဆို့အရေးယူမှုများ အပြင် လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းနှင့် လေယာဉ်လောင်စာဆီ ထောက်ပံ့မှုအပေါ် ပိတ်ဆို့ အရေးယူမှုများကို ချက်ခြင်းချမှတ်ခြင်း နှင့်
- စစ်ဗိုလ်ချုပ်များကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးခြင်း အပါအဝင် ၎င်းတို့၏ များပြားလှသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုတို့ကို ဆောင်ကြည်းပေးရန်။

# လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ APHR ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ



**Hon. Mercy Chriesty Barends**
APHR သဘာပတိနှင့် အင်ဒိုနီးရှားနိုင်ငံလွှတ်တော်အမတ်

**Mercy Chriesty Barends** သည် 2014 ခုနှစ်မှစတင်၍ Indonesian Democratic Party of Struggle (PDI-P) အတွက် အင်ဒိုနီးရှားနိုင်ငံ၏ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည်။ သူမသည် Green Economy Caucus ဥက္ကဋ္ဌအဖြစ် လွှတ်တော်အတွင်းတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို အလွန်တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ Fossil Free Future၊ The Global Alliance for Green New Deal နှင့် Air Quality Asia တို့အတွက် The Alliance for Parliamentarian Call တွင်လည်း နိုင်ငံတကာအဆင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သူမသည် 2023 ခုနှစ်အစောပိုင်းတွင် APHR ၏ သဘာပတိအဖြစ် ခန့်အပ်ခံခဲ့ရသည်။



**Hon. Kelvin Yii Lee Wuen**
APHR အဖွဲ့ဝင်နှင့် မလေးရှားနိုင်ငံလွှတ်တော်အမတ်

**Kelvin Yii Lee Wuen** သည် 2018 ခုနှစ် မေလမှစ၍ Bandar Kuching အတွက် လွှတ်တော်အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မလေးရှားနိုင်ငံရေးသမား၊ ဆရာဝန်နှင့် ခွဲစိတ်ဆရာဝန်ဖြစ်သည်။ သူသည် Pakatan Harapan (PH) မဟာမိတ်အဖွဲ့၏ အစိတ်အပိုင်းပါတီဖြစ်သော Democratic Action Party (DAP) ၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် 2023 ခုနှစ် ဧပြီလကတည်းက ကျန်းမာရေးဝန်ကြီး Zaliha Mustafa ၏ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကျန်းမာရေး၊ သိပ္ပံနှင့် ဆန်းသစ်တီထွင်မှုရွေးချယ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် 2021 ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကာ ဘတ်ဂျက်ရွေးချယ်ရေးကော်မတီ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ သူသည် 2022 ခုနှစ် မတ်လမှစတင်၍ Democratic Action Party ဆိုရှယ်လစ်လူငယ်အဖွဲ့ (DAPSY) မှ လူငယ်ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး 2022 ခုနှစ် ဇူလိုင်လကတည်းက PH အဖွဲ့၏ ၅ ဦးမြောက် လူငယ်ခေါင်းဆောင်အဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။ Yii သည် DAP Sarawak နှင့် PH ဥက္ကဋ္ဌ၏ Sarawak ဌာနခွဲ၊ Padungan အတွက် ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်၊ Stampin ပါလီမန်အမတ်ဖြစ်သော Chong Chieng Jen ၏ အထူးလက်ထောက်လည်းဖြစ်ပါသည်။

# လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ APHR ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ



## Hon. Piyarat Jongthep

ထိုင်းနိုင်ငံလွှတ်တော်အမတ်

**Piyarat Jongthep** သည် Move Forward Party (MFP) မှ Bang-na မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ အမျိုးသားလုံခြုံရေးနှင့် နယ်စပ်ရေးရာ၊ အမျိုးသား မဟာဗျူဟာနှင့် အမျိုးသား ပြုပြင်ပြောင်းလဲရေးဆိုင်ရာလွှတ်တော်ကော်မတီတွင် ပြောဆိုတင်ပြသူအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ လွှတ်တော် ကိုယ်စားလှယ်မဖြစ်မီက Piyarat သည် 2020-2022 ခုနှစ်အတွင်း လူငယ်ဒီမိုကရေစီလှုပ်ရှားမှုများကို ဘေးကင်းစေရန်နှင့် ရှေးဦးသူနာပြုစုမှုပေးရန် ရည်ရွယ်သော 'We Volunteer' (WeVo) ဟုခေါ်သော လူငယ်အဖွဲ့၏ စည်းရုံးရေးဒါရိုက်တာဖြစ်သည်။ သူသည် Rangsiman Rome ၏ လက်ထောက်တစ်ဦးနှင့် MFP ၏ ကွန်ရက်ညှိနှိုင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ Piyarat သည် ဘန်ကောက်မြို့မြောက်ပိုင်း King Mongkut University of Technology မှ နည်းပညာဆိုင်ရာ ပညာရေးဌာနမှ လျှပ်စစ်အင်ဂျင်နီယာဆိုင်ရာ ဆရာအတတ်သင်တန်းဘွဲ့ကို ရရှိခဲ့ပါသည်။



## Hon. Chonthicha Jaengraew

ထိုင်းနိုင်ငံလွှတ်တော်အမတ်

**Chonthicha Jaengraew** သည် Move Forward Party (MFP) မှ Pathumthani မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး နိုင်ငံခြားရေးရာ လွှတ်တော်ကော်မတီ အဖွဲ့ဝင်လည်း ဖြစ်သည်။ MFP တွင် မပါဝင်မီက Chonthicha သည် လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးဖြစ်ပြီး New Democracy Movement (New Dem) ၏ ပူးတွဲတည်ထောင်သူလည်း ဖြစ်သည်။ သူမသည် 2014 ခုနှစ် စစ်တပ်အာဏာသိမ်းပြီး အကျိုးဆက်အနေဖြင့် စစ်တပ်မှ အရပ်ဘက်လူ့အဖွဲ့အစည်းများကို ဖြိုခွဲခဲ့စဉ်ကတည်းက ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများအတွက် ထင်ရှားသော ကျောင်းသားတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည်။ သူမနှင့် အခြားကျောင်းသားများသည် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေးနှင့် စစ်အာဏာရှင်အစိုးရ၏ အကန့်အသတ်မဲ့ အာဏာအသုံးပြုမှု အဆုံးသတ်ရေးအား တောင်းဆိုသည့် အသေးစား ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ဆက်လက် လုပ်ဆောင်ခဲ့သည်။ Chonticha ကို Amnesty International မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူဖြစ်ပြီး လူ့အခွင့်အရေး ကာကွယ်သူအဖြစ် သတ်မှတ်ထားသည်။ Chonticha သည် Srinakharinwirot University၊ လူမှုရေးသိပ္ပံဌာနမှ သမိုင်းမေဂျာဖြင့် ဝိဇ္ဇာဘွဲ့ရရှိထားသည်။

# လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ APHR ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ



## Hon. Kannavee Suebsang

ထိုင်းနိုင်ငံလွှတ်တော်အမတ်

**Kannavee Suebsang** သည် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဖြစ်ပြီး Fair Party ၏ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်သည်။ ယခင်က ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ဆူဒန်၊ ဆူဒန်၊ ချဒ်၊ ယူဂန်ဒါ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၈ နိုင်ငံတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင် ၁၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏ UNHCR နှင့်နောက်ဆုံးရာထူးမှာ ကရင်ပြည်နယ် ဘားအံမြို့နယ် အခြေစိုက် မြန်မာနိုင်ငံ အရှေ့တောင်ဘက် စစ်ဆင်ရေး၏ အကြီးအကဲဖြစ်ပြီး မြန်မာနိုင်ငံ၏ အရှေ့တောင်စကြ်တစ်ခုလုံးကို လွှမ်းခြုံထားသည်။ UNHCR တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း 2011 ခုနှစ်တွင် တောင်ဆူဒန်လွတ်လပ်ရေးရပြီးချိန် နှင့် 2013 ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်း Yolanda အကျပ်အတည်းအတွင်း အရေးပေါ်အခြေအနေများ၌ သူ့အား UNHCR Emergency Roster Team (ERT) ၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်စေလွှတ်ခြင်းခံခဲ့ရသည်။
Kannavee သည် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့တွင် အခြေစိုက်သည့် Peace Rights Foundation ကို တည်ထောင်သူလည်းဖြစ်သည်။ အဆိုပါဖောင်ဒေးရှင်းသည် ထိုင်းနိုင်ငံ၏ တောင်ပိုင်းတွင်းနှင့် ထိုင်း-မြန်မာနယ်စပ်ရှိ ထိခိုက်ခံစားခဲ့ရသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်နှင့် အကျပ်အတည်းများအပြီးတွင် မိမိကိုယ်ကိုရေရှည်ရပ်တည်နိုင်ရေးနှင့် ကြံ့ခံနိုင်မှုရှိရေးတို့အားမြှင့်တင်ပေးရန် ရည်ရွယ်သည်။



## Hon. Tisana Choonhavan

ထိုင်းနိုင်ငံလွှတ်တော်အမတ်

**Tisana Choonhavan** သည် Move Forward Party (MFP) မှ Pathumthani မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီး နိုင်ငံခြားရေး ကော်မတီ အဖွဲ့ဝင်လည်း ဖြစ်သည်။ MFP သို့ မဝင်ခင် Tisana သည် လူထုပါဝင်မှု တိုးမြှင့်လာခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို တောင်းဆိုရန် ရည်ရွယ်သော ထိုင်းအရပ်ဘက်အဖွဲ့အစည်းများအဖွဲ့ (CONLAB) ၏ ပူးတွဲတည်ထောင်သူနှင့် မိတ်ဖက်အရာရှိတစ်ဦး ဖြစ်သည်။ သူမသည် ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် လူထုကြားနာပွဲများကို ဆောင်ရွက်ခဲ့သည်။ သူမသည် လူ့အခွင့်အရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေကြောင်းလုံခြုံရေးတို့ပါဝင်သည့် အစိုးရလုပ်ငန်းများတွင် ပါဝင်ကူညီရန် ပြင်းပြသောဆန္ဒရှိသူ ဖြစ်သည်။ Tisana သည် Mahidol University မှ နိုင်ငံတကာဆက်ဆံရေးမေဂျာနှင့် ဝိဇ္ဇာဘွဲ့၊ SOAS University of London မှ ပြည်သူ့နိုင်ငံတကာဥပဒေ၊ လူ့အခွင့်အရေးအထူးပြု မဟာဘွဲ့တို့ ကို ရရှိထားသူ ဖြစ်သည်။